မင်းရွာကျေးရွာ
ကံဖြူကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မင်းရွာ ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၁၈

မင်းရွာကျေးရွာ
ကံဖြူကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မင်းရွာ ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

နိုဝင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ

မင်းရွာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲ(၁) - မင်းရွာကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ(၂) - မင်းရွာကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

6.6.2018

မင်းရွာကျေးရွာဒေသပတ်ဝန်းကျင်ပြရေးပုံ

ဖူးဖွဲ့ဟူး



၁။ တည်နေရာနှင့် ပထဝီအနေအထား

မင်းရွာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်း ရွှေဘို-ကျောက်မြောင်း ကားလမ်းမကြီးဘေး အနီးတွင် တည်ရှိပါသည်။ ရွာ၏ အကျယ်အဝန်းမှာ (၁၅)ဧကခန့် ကျယ်ဝန်းပြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ပိုင်းခြားထားသည့် သက်ကယ်တန်း ချောင်းတစ်စင်း ဖြတ်သန်းစီးဆင်း လျက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်အနေဖြင့် တမာ၊ မန်ကျည်း၊ ညောင်ပင်၊ ထန်း၊ ကုက္ကို၊ ဇီး၊ ထနောင်းနှင့် ကန္တာရပင်များ ပေါက်ရောက်ကြပါသည်။ မိုးစပါးစိုက်ပျိုးနိုင်သောလယ် (၁၈၈)ဧကနှင့် ယာ(၂၃)ဧကရှိပါသည်။ ကျေးရွာရှိယာမြေများမှာ သက်ကယ်တန်းချောင်းရေကိုသာ အားထားကြရပါသည်။ သဘာဝဆေးဘက်ဝင်အပင်ဖြစ်သည့် မြင်းခွာ၊ ဆင်တုံးမန္တယ်နှင့် သဲအနည်းငယ်ရရှိပါ သည်။ ကျေးရွာအစွန်အဖျား တောစပ်များတွင် ယုန်များကို တွေ့ရလေ့ရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

မင်းရွာကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအနေဖြင့် ရပ်မိရပ်ဖ၊ ရေကော်မတီ၊ လျှပ်စစ်မီးကော်မတီ၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ဂေါပက၊ မီသတ်အဖွဲ့ဟူ၍ (၇)ဖွဲ့ရှိပါသည်။ ၎င်းတို့အနက် ရပ်မိရပ်ဖအဖွဲ့သည် စွမ်းဆောင်မှု အားအကောင်းဆုံးဖြစ်ပြီး ကျန်အဖွဲ့များသည်လည်း စွမ်းဆောင်မှုအသင့်အတင့်ရှိကြပါသည်။ ရပ်မိရပ်ဖ၊ ဂေါပက၊ အမျိုးသားနှင့် အမျိုးသမီးအဖွဲ့တို့သည် ဘာသာရေး၊ သာရေးနာရေးနှင့် လူမှုဖွံ့ဖြိုးရေးတို့တွင် တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြပါသည်။ ရေကော်မတီ၊ လျှပ်စစ်မီးကော်မတီ၊ မီးသတ်အဖွဲ့တို့သည်လည်း ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးအပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် မြတ်ကျွန်းသာ ပုဂ္ဂလိကချေးငွေဝန်ဆောင်မှုအဖွဲ့မှ ဝန်ဆောင်မှုရရှိပါသည်။ ယခင်ကကျေးရွာတွင် စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်မှုများမရှိခဲ့သော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂၈.၅.၂၀၁၈)ရက်နေ့တွင် ဖွင့်လှစ်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းတက်ရောက်ပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်း၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် စီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

မင်းရွာကျေးရွာသည် ဗုဒ္ဓဘာသာကိုးကွယ်သူများ နေထိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု(၇၇)စုရှိပြီး အမျိုးသား(၁၄၂)ဦး၊ အမျိုးသမီး(၁၇၆)ဦး၊ စုစုပေါင်း လူဦးရေ(၃၁၈) ဦးနေထိုင်လျက်ရှိပါသည်။ အလုပ် လုပ်ကိုင်နိုင်သည့်အရွယ် (၂၃၇)ဦးရှိပါသည်။ မင်းရွာကျေးရွာတွင် လယ်ယာလုပ်ကိုင်သူဦးရေနည်းပါးပြီး အများစုမှာ ပန်းရံလုပ်ငန်းဖြင့် အသက်မွေးမှုပြုကြပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု (၃၃)စုသာရှိပြီး မြေယာမဲ့ အိမ်ထောင်စုများပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၇၇)စုတွင် အဓိက ဝင်ငွေရလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးကို (၂၅)အိမ်ထောင်စုသာ လုပ်ကိုင်ကြပြီး မိသားစုဝင်လုပ်အား (၃၈)ဦး ရှိပါသည်။ ကျန်(၅၂)အိမ်ထောင်စုတွင် အဓိကဝင်ငွေရလုပ်ငန်းအဖြစ် ဈေးအရောင်းအဝယ်(၂၃)စု၊ ပြည်သူ့ဝန်ထမ်း(၁)အိမ်ထောင်စု၊ စက်ပြင်(၁)အိမ်ထောင်စု၊ ကျပန်း(၂) အိမ်ထောင်စု၊ ဆန်စက်လုပ်ငန်းလုပ်ကိုင်သူ(၃)အိမ်ထောင်စု၊ ပန်းရံ၊ ပန်းတိမ်၊ ပန်းပု၊ ပန်းပွတ်လုပ်ကိုင်သူ(၂၂) အိမ်ထောင်စုတို့ဖြစ်ကြပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် စက်ချုပ်၊ အလှပြင်နှင့် ယက္ကန်း လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် တစ်နေ့လျှင်ပုတ်ပြတ်လုပ်အားခ အနေဖြင့် အလုပ်ပြီးစီးမှု အလိုက် အနည်းဆုံး (၅၀၀၀)ကျပ် မှ အများဆုံး (၁၀၀၀၀)ကျပ် အထိ ရရှိကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် တစ်နေ့လျှင် လုပ်အားခ အမျိုးသားများအတွက် (၄၅၀၀)မှ (၆၀၀၀)အထိရရှိပြီး အမျိုးသမီးများအတွက် (၃၅၀၀)မှ (၅၅၀၀)အထိ ရရှိကြပါသည်။ လယ်ယာ စိုက်ပျိုးသူများအနေဖြင့် မိုးရာသီ မဟာနန္ဒာကန်တော်မှ သက်ကယ်တန်းချောင်းသို့ ရေလွှတ်ချိန် တွင်သာ ရေရရှိပြီး မိုးစပါး တစ်သီးသာ စိုက်ပျိုးနိုင်ပါသည်။ စုစုပေါင်း စိုက်ကေ(၁၈၈)ကေရှိပါ သည်။ ယာမြေ(၂၃)ကေတွင်လည်း ရေရှားပါးသဖြင့် ရုံးပတီ၊ မုံညင်း စသည့် ဟင်းသီးဟင်းရွက် အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ မိုးစပါးတွင် ဘေးကြား(ရွှေဘိုပေါ်ဆန်းမွေး)ကို ဝါခေါင်လမှ စိုက်ပျိုးကြပြီး တပို့တွဲလတွင် ရိတ်သိမ်းကြပါသည်။ မိုးစပါးတစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း တင်း(၃၀)ခန့်သာထွက်ရှိသဖြင့် အမြတ်ရရှိမှုနည်းပါသည်။ စပါးအထွက်နှုန်း လျော့နည်းရခြင်းမှာ ရာသီဥတုမမှန်၍ ချောင်းရေရရှိမှုနည်းပါးခြင်း၊ သီးနှံဖျက်ပိုးများအန္တရာယ်မှ ကာကွယ်ရန် စိုက်ပျိုးရေးနည်းပညာများ လိုအပ်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ လယ်ယာသုံး စက်ကိရိ ယာအနည်းငယ်သာပိုင်ဆိုင်ပြီး အခြားမှ ငှားရမ်းသုံးစွဲကြရသဖြင့် ကျေးရွာသားများသည်လယ်ယာ သုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိလိုကြပါသည်။ မြေဩဇာသုံးစွဲမှု နည်းစနစ် လိုအပ်သဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ မိုးရာသီ၌သာ ချောင်းရေရရှိ၍ စပါးစိုက်ပျိုးကြသော်လည်း နွေရာသီတွင် ချောင်းရေမရရှိသဖြင့် လယ်ယာမြေများမှာ မစိုက်ပျိုးနိုင် ကြဘဲ မြေလွတ်အဖြစ်သာ

ထားကြရပါသည်။ မိုးဦးကျများတွင် အလေ့ကျပေါက်သော ကင်းမုံသီး၊ ကြက်ဟင်းခါးသီး၊ ဆူးပုတ်ရွက် စသော သီးပင်စားပင်များရှိခြင်းကြောင့် လက်လုပ်လက်စား ကျပန်းမိသားစုများအတွက် ဝင်ငွေနည်းပါးချိန်တွင် စားရေးသောက်ရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

ကျေးရွာတွင် ပန်းရံလုပ်ငန်းကိုသာ အများအားဖြင့် တတ်မြောက် ကြပြီး ဝင်ငွေရရှိရေးအတွက် အခြားအသက်မွေးဝမ်းကျောင်းပညာများ ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်ပါသည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့် နွားများကို လယ်ယာလုပ်ငန်းအတွက်သာ မွေးမြူကြပြီး ကြက်၊ ဝက်၊ ဆိတ်များကိုလည်း တပိုင်တနိုင်သာ မွေးမြူကြပါသည်။ ငါးမွေးမြူရေးလုပ်ကိုင်ခြင်း မရှိပါ။ မင်းရွာကျေးရွာတွင် ရေရှားပါးခြင်းကြောင့် မွေးမြူရေးလုပ်ကိုင်ရန် မလွယ်ကူပါ။ သို့သော်လည်း ခြံဝင်းအသင့်အတင့်ရှိခြင်း၊ မြို့နှင့်နီးသဖြင့် မွေးမြူရေးနှင့်ဆိုင်သောဆေးဝါးရရှိနိုင်ခြင်း၊ ချေးငွေ အကူ အညီရနိုင်ခြင်း စသော အခွင့်အလမ်းများ ရှိပါသည်။

မင်းရွာကျေးရွာတွင် ပြည်တွင်းရွှေ့ပြောင်းသွားလာလုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုသာ ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

မင်းရွာကျေးရွာသည် ရွှေဘို-ကျောက်မြောင်းလမ်းမကြီးဘေးအနီးတွင် တည်ရှိသဖြင့် မြို့နယ်နိမိတ်အတွင်းရှိသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာ၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ခြားထားသည့် သက်ကယ်တန်းချောင်းတစ်စင်းရှိပါသည်။ချောင်းကိုဖြတ်သန်းသွားလာရသည့် တံတား သည် တည်ဆောက်ခဲ့သည့်ကာလကြာမြင့်ပြီး ရေတိုက်စားမှုများကြောင့် ချွတ်ယွင်းပျက်စီး နေပါသည်။ ကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်းမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးရေတိုက်စားမှု တို့အား ပြုပြင်ထိန်းသိမ်းခြင်းနည်းမှုတို့ကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲနေပါသည်။ သို့ပါ၍ ချောင်းတံတား၊ ရွာချင်းဆက်လမ်း၊ ရွာတွင်းလမ်းတို့အား ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ပါသည်။

မင်းရွာကျေးရွာတွင် သောက်သုံးရေရရှိမှုအနေဖြင့် အဝီစိတွင်းစက်တပ်(ကိုယ်ပိုင်)(၅)တွင်း၊ အဝီစိတွင်း (ကိုယ်ပိုင်) (၁)တွင်းရှိပြီး ကျန်အိမ်ထောင်စုများသည် နီးစပ်ရာတွင်းများ၊ အများပိုင် အဝီစိတွင်း စက်တပ်တွင်း(၁)တွင်းနှင့် ချောင်းရေတို့ကို အသုံးပြုကြပါသည်။ သောက်သုံးရေ အရည်အသွေး စနစ်တကျ စမ်းသပ်ထားခြင်းများ မရှိပါ။

မင်းရွာကျေးရွာသည် အိမ်ထောင်စုစာရင်းဇယားများ ကောက်ခံချိန်တွင် လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများ သွယ်တန်းထားရှိသော်လည်း လျှပ်စစ်မီးမရရှိသေးပါ။ သို့သော် ကျေးရွာသည် ရွှေဘို မြို့ပေါ်ရှိ အမှတ်(၁၀)ရပ်ကွက်နှင့်ကပ်လျက်တည်ရှိသဖြင့် ကျေးရွာမှ အိမ်ထောင်စု(၃)စုသည် အမှတ်(၁၀)ရပ်ကွက်မှ လျှပ်စစ်မီးသွယ်တန်းရယူထားသဖြင့် လျှပ်စစ်မီး အသုံးပြုနိုင်ပါသည်။ အိမ်ထောင်စုအများစုမှာ ဆိုလာစနစ်ကို အသုံးပြုကြပြီး အနည်းငယ်သာ ဘက်ထရီ၊ LED မီးများ၊ ဖယောင်းတိုင်များကို အသုံးပြုကြပါသည်။ သို့သော် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့မှ စ၍ ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်၍ (၄၂)အိမ်ထောင်စု လျှပ်စစ်မီးသုံးစွဲနေပြီဖြစ်ပြီး ငွေကြေးလိုအပ်မှုကြောင့် လျှပ်စစ်မီးအသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၃၅)စုသာ ရှိပါတော့သည်။

ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် မိုဘိုင်းဖုန်းကို အများဆုံးအသုံးပြုကြပြီး (၁၂၇)လုံး ရှိပါသည်။ လျှပ်စစ်မီးမရရှိခင်က သတင်းအချက်အလက်များကို မိုဘိုင်းဖုန်းမှသာရရှိပြီး ယခုအခါ လျှပ်စစ်မီးရရှိပြီဖြစ်သဖြင့် ရုပ်မြင်သံကြားနှင့် ဂြိုလ်တုစလောင်းများမှလည်း ရရှိပြီဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မင်းရွာကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးရေးစရိတ်ကို တစ်ဧကလျှင် ကျပ်(၁၅၀၀၀၀/-)နှုန်းဖြင့် အများဆုံး(၁၀)ဧကအထိ ချေးငွေရရှိပြီး မြတ်ကျွန်းသာ ပဂ္ဂလိက ချေးငွေဝန်ဆောင်မှုအဖွဲ့မှ အမျိုးသမီးများအား လုပ်ငန်းရင်းနှီးငွေအနည်းဆုံး ကျပ်(၁၅၀၀၀၀) မှ အများဆုံး(၄၅၀၀၀၀၀)ကျပ်အထိကို၊ အတိုး(၂.၅)ကျပ်နှုန်းဖြင့်ချေးငွေထုတ်ပေးမှုရှိပါသည်။ ချေးငွေဝန်ဆောင်မှုများ ယခုထက်ပိုမိုရရှိလာပါက မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ပိုမိုလုပ်ကိုင်ဆောင်ရွက် လာနိုင်မည်ဖြစ်ပါသဖြင့် အတိုးနည်းချေးငွေများရရှိရန်လိုအပ်ပါသည်။ သို့မှသာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

(င) ပညာရေး

မင်းရွာကျေးရွာတွင် မူလတန်းကျောင်းမရှိပါ။ ကျေးရွာမှ မူလတန်းကလေးများသည် ရွှေဘို မြို့နှင့်နီးသောကြောင့် မြို့ပေါ်ရှိ အမှတ်(၁၀)ရပ်ကွက် မူလတန်းကျောင်းတွင် အလွယ်တကူ ပညာသင်ကြားနိုင်ကြပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများသည်လည်း မြို့ပေါ်ရှိ အထက်တန်းကျောင်းများသို့ အလွယ်တကူ သွားရောက်ပညာသင်ကြားနိုင်ကြပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ (၈)ဦးသာရှိသည့်အတွက် စီးပွားရေးမဖွံ့ဖြိုးသော်လည်း ပညာရေး အလေးထားသော ကျေးရွာဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာအနေဖြင့် ပန်းရံအတတ်

ပညာကိုသာ များသောအားဖြင့် တတ်မြောက်ပြီး ကျန်အသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင် တတ်မြောက်ရန်လိုအပ်လျက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း နည်းပါးနေပါသည်။

(စ) ကျန်းမာရေး

မင်းရွာကျေးရွာသည် ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း တံခွန်တိုင်ကျေးရွာ ဆေးပေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိပါသည်။ ထို့အပြင် ရွှေဘိုမြို့ ဆေးရုံနှင့်လည်း နီးသောကြောင့် ကျန်းမာရေးကုသရာတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် မိုးရာသီ၌ ဖြစ်ပွားသော သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ငှက်ဖျားရောဂါနှင့် သွေးတိုးရောဂါများသာ ဖြစ်ပွားလေ့ရှိပါသည်။ အာဟာရအနေဖြင့်လည်း ဆိုးဝါးသော အခြေအနေဖြစ်ပေါ်မှု မတွေ့ရှိရပါ။

ကျေးရွာတွင် အိမ်တွင်းသန့်ရှင်းမှုများ ရှိသော်လည်း ရွာတွင်းသန့်ရှင်းရေးအနေဖြင့် နွေရာသီ ရောက်သည့်အခါတွင်သာ ရွာတွင်းရှိ ခြုံ၊ မြက်၊ အမှိုက်များကို စုပေါင်းရှင်းလင်းခြင်းများ ဆောင်ရွက်လေ့ရှိပါသည်။ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ဖျက်စီးမှု အပိုင်းတွင် အားနည်း နေပါသေးသည်။ ကျေးရွာတွင် အိမ်ထောင်စု (၇၇)စုရှိရာတွင် ယင်လုံအိမ်သာကိုယ်ပိုင်သုံးစွဲမှု(၅၁) အိမ်ထောင်စုရှိပြီး (၁၉)အိမ်ထောင်စုသည် နီးစပ်ရာအိမ်များတွင် တွဲဖက်အသုံးပြုကြပါသည်။ အိမ်သာမရှိ အိမ်ထောင်စု(၇)စုရှိပြီး ကျေးရွာအပြင်ဘက် သစ်ပင်ခြုံနွယ်များကြားတွင် အသုံးပြုကြပါသည်။ ထိုသို့ သုံးစွဲမှုများနှင့်ပတ်သက်၍ ပြင်းထန်သည့် ကူးစက်ရောဂါများ ဖြစ်ပွားမှု မရှိပါ။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မင်းရွာကျေးရွာရှိ လယ်ယာမြေများမှာ မြေဩဇာသုံးစွဲမှုနည်းစနစ်လိုအပ်ခြင်းကြောင့် မြေဆီလွှာ အရည်အသွေးများ ကျဆင်းလာပါသည်။ ကျေးရွာတွင် ချောင်းရှိသော်လည်း မဟာနန္ဒာကန်တော်မှ ရေရရှိမှုနည်းပါး၍ ရေကြီးမှု၊ ရေလျှံမှု အန္တရာယ် မကြုံတွေ့ရပါ။ သဘာဝပတ်ဝန်းကျင်ထန်းသိမ်း ရေးအတွက် စီမံဆောင်ရွက်မှုများ မရှိသေးပါ။

(ဇ) ကျား-မ ရေးရာ

မင်းရွာကျေးရွာရှိ အမျိုးသမီးများနေဖြင့် အလှူမလံ်၊ ဘာသာရေးပွဲများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ရပ်ရွာ အရေးကိစ္စများတွင် ဦးဆောင်စီမံမှု၊ ခေါင်းဆောင်မှုအပိုင်းတွင် ပါဝင်မှုမရှိသေးကြောင်း တွေ့ရပါ သည်။

(စျ) လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် လူငယ်ပါဝင်မှုအားကောင်းပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ရပ်ရွာလူကြီးများ၏ ဦးဆောင်မှုအောက်တွင် လိုက်ပါဆောင်ရွက်ကြသော်လည်း လူငယ်များအနေဖြင့် ဦးဆောင်ဦးရွက်ပြုမှုအပိုင်းတွင် အားနည်းကြပါသည်။ လူငယ်များသည် ဝင်ငွေရရှိရေးအတွက် မြို့နှင့် အခြားကျေးရွာများသို့ သွားရောက်လုပ်ကိုင်ကြရသဖြင့် စာပေဗဟုသုတအသိပညာများ လေ့လာဆည်းပူးခွင့်နည်းပါး၍ စာပေ ဗဟုသုတတွင် အားနည်းနေပါသေးသည်။

ရွှေဘိုမြို့နယ်၊ ကံဖြူကျေးရွာအုပ်စု၊ မင်းရွာကျေးရွာ အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း		ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	၄'' Ø တွင်းနက်တူးဖော်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း	50	၁
၂	အခြေခံအဆောက်အဦ	ထွန်းလင်းအောင်တံတားအား ကမ်းကပ်ကျောက်စီ သစ်သားတံတား တည်ဆောက်ခြင်း (၆၀'×၁၈')	42	၂
၃	အခြေခံအဆောက်အဦ	ထွန်းလင်းအောင်တံတား အရှေ့ဘက်ရှိလမ်းအား ကျောက်ရောဂျင်းမြေလမ်းဆောင်ရွက်ခြင်း	40	၃
၄	အခြေခံအဆောက်အဦ	22 HP အင်ဂျင်၊ ၃ လုံးထိုး ကွန်ပရက်ဆာ လဲလှယ်တပ်ဆင်ခြင်း၊ အမြှင့် တင် ရေစင်တည်ဆောက်ခြင်း (၂၀၀၀ ဂါလံဆံ့)	40	၄
၅	အခြေခံအဆောက်အဦ	ရွာတွင်းလမ်း (၂၀၀၀'×၁၂'×၆'') ကွန်ကရစ်လမ်းခင်းခြင်း	37	၅
၆	အခြေခံအဆောက်အဦ	သက်ကယ်တန်းချောင်းဘေး ရွာအဝင်ကျောက်ချောခင်းခြင်း (၁၅၀၀')	34	၆
၇	ငွေကြေး	မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ပေးရန်	31	၇
၈	စိုက်ပျိုးရေး	လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူရန် ဆောင်ရွက်ခြင်း	28	၈
၉	ပညာရေး	အသက်မွေးဝမ်းကျောင်းသင်တန်း (ကားဝပ်ရှော့၊ စက်ပြင်၊ ဇာထိုးပန်းထိုး၊ စက်ချုပ်)	27	၉
၁၀	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခြင်း၊ ကွင်းဆင်းတည့်မတ်ပေးခြင်း	21	၁၀

နောက်ဆက်တွဲ(၁)

ရွှေဘိုမြို့နယ်၊ မင်းရွာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

ပြဿနာ/ အခက်အခဲ		ဖြစ်ရသည့်အကြောင်းရင်း	အခြေအနေကောင်း	ဟန့်တား	ဖြေရှင်းနိုင်သည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
၁	**ကျေးလက်လမ်းတံတား**					
	ကုန်ထုတ်သီးနှံများ ရောင်းချရာတွင် ခက်ခဲ ခြင်း၊ ကလေးများ ကျောင်းသွားလာ ရေး ခက်ခဲခြင်း၊ ဘုရားကျောင်းတတ်၊ဘာသာရေး၊ ပညာရေးကျန်းမာရေးစီးပွားရေးအရ မိုးရာသီသွားလာရေးတွင် ခက်ခဲခြင်း	ကျေးရွာသည် မြို့နှင့်ဝေးကွာခြင်းနှင့် ဘေးမူဘောင်မြေသားလမ်းဘေးတွင် တည်ရှိခြင်း၊ လမ်းတည်ဆောက်ခဲ့သည့်ခုနှစ်မှလည်း ကြာမြင့်ခြင်း.၊ ပြုပြင်ထိမ်းသိန်းခြင်းနည်းခြင်းတို့ြေ ကာင့် လမ်းများ မကောင်းပါ။ ကျေးရွာသည် ရွာသစ်ရွာဟောင်းနှစ်ခြမ်းကွဲနေပြီး အလယ်တွင်ချောင်းခြားပြီး ချောင်းတံတားမှာ နှစ်ကြာမြင့်နေသော သစ်သားတံတားဖြစ်	ချောင်းမှ သဲနှင့် ကျေးရွာမှလုပ်အား ပါဝင်ကူညီနိုင်ပါသည်။	လမ်းပြုပြင်ရန်နှင့် တံတားပြုပြင်ရန်ငွေကြေးမတတ်နိုင်ပါ။	လမ်းကော်မတီဖွဲ့စည်းပြီ လမ်းတ့တားကောင်းမွန်အောင် ဆောင်ရွက်ကြရပါမည်။	**ကျေးရွာလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဆောင်ရွက်ခြင်း** ၁။ ထွန်းလင်းအောင်တံတားအရှေ့ဘက်ရှိလမ်းအားကျောက်ရောဂျင်းမြေလမ်းဆောင်ရွက်ခြင်း ။ (ကုန်ထုတ်လမ်း) ၂။ရွာတွင်းလမ်း(၂၀၀၀'×၁၂'×၆'') ကွန်ကရစ်လမ်းခင်းခြင်း ၃။ထွန်းလင်းအောင်တံတားအားကမ်းကပ်ကျောက်စီသစ်သားတံတားတည်ဆောက်ခြင်း (၆၀'×၁၈')

		ပြီးရေတိုက်စားပြီး ပျက်စီးနေခြင်း။				
၂	**ကျေးလက်ရေပေးဝေရေး**					
	နွေရာသီတွင် ကျေးရွာသောက်သုံး ရေမလုံလောက်ခြင်း	အိမ်ထောင်စု ၇၇ စုတွင် အဝီစီစက်တပ် ၅ တွင်းနှင့် အများပိုင်စက်တပ် အဝီစီတတွင်းတည်းသာ ရှိသောကြောင့်၊ မိုးရေလျှောင်ကန်မရှိခြင်း ကြောင့်လည်းကောင်း ကျေးရွာသောက်သုံးရေ မလုံလောက်ခြင်း ဖြစ်ပါသည်။	ချောင်းရေကိုမျှဝေသုံးစွဲရပါသည်။	ရေအရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်း မျိုးမရှိသေးပါ။ ငွေကြေးတတ်နိုင်ခြင်း မရှိသေးပါ။	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ရေရရှိရေးကို ကျေးရွာစီမံချက်ထဲတွင် ထည့်သွင်းရေးဆွဲပြီး ကျေးလက်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားပါမည်။	**ကျေးရွာသောက်သုံးရေဖူလုံအောင်ဆောင်ရွက်ခြင်း** ၁။ ၄" Ø တွင်းနက်တူးဖော်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း/ ၂။ 22 HP အင်ဂျင်၊ ၃ လုံးထိုး ကွန်ပရက်ဆာ လဲလှယ်တပ်ဆင်ခြင်း၊ အမြှင့်တင် ရေစင်တည်ဆောက်ခြင်း (၂၀၀၈ ဂါလံဆံ့)
၃	**စိုက်ပျိုးရေး (သီးနှံ၊ စိုက်ပျိုးရေ)**					
	မိုးစပါးသီးနှံအထွက်နှုန်းလျော့နည်းခြင်း၊ ပိုးမွှားအန္တရာယ် ကျရောက်မှုများပြားခြင်း၊ စိုက်ပျိုးရေမရရှိ နွေရာသီသီးနှံများ မစိုက်ပျိုးနိုင်ခြင်း။	မိုးရေဖြင့်သာစိုက်ပျိုးနေရခြင်း။ မိုးရာသီသီးနှံဖျက်ပိုးမွှားကျရောက်မှုကို မကာကွယ်နိုင်ခြင်း။ စိုက်ပျိုးရေးအသိပညာအားနည်းခြင်း။	မြို့နှင့်ဒမိုင်အတွင်းရှိသောကြောင့်မျိုးစေ့များကိုအလွယ်တကူရရှိနိုင်ခြင်း။ စိုက်ပျိုးရေးသွင်းအားစုများဖြစ်သော ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ သဘာဝမြေဩဇာများကိုအလွယ်တကူရရှိနိုင်ခြင်း။ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိနိုင်ခြင်း	မိရိုဖလားအသိဖြင့်သာစိုက်ပျိုးလာခဲ့ကြပါသည် ဆည်ရေလက်လှမ်းမမီသည့်မတွက် မြေအောက်ရေဖြင့်စိုက်ပျိုးနိုင်ရန် အဝီစီတွင်းဖော်ရန်ငွေကြေးခက်ခဲပါသည်။	စိုက်ပျိုးရေးနည်းပညာများရရှိအောင်ဆောင်ရွက်ကြရပါမည်။ စိုက်ပျိုးရေလုံလောက်အောင် ဆောင်ရွက်ကြရပါမည်။	**မိုးစပါးသီးနှံအထွက်နှုန်းကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့်နွေရာသီသီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်း** ၁။ စိုက်ပျိုးရေးနည်းပညာများ ပေးခြင်း (မြေဆီလွှာ၊ပိုးမွှား ရောဂါသင်တန်း) ၂။ နွေရာသီစိုက်ပျိုးရေးအတွက် မြေအောက်ရေအဝီစီတွင်းတူးဖော်ခြင်းများဆောင်ရွက်ခြင်း။

			များရှိပါသည်။			
၄	**စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**					
	အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာခြင်း	မိုးစိုက်ပျိုးရေးလုပ်ငန်းကိုသာ မှီခိုနေ ရခြင်း။ ရေမရ၍နွေရာသီမစိုက်ပျိုးနိုင်သောကြောင့် အလုပ်အကိုင်ရှားပါးပါခြင်း။ တပိုင်တနိုင်လုပ်ငန်းလုပ်ချင်သူများအတွက်လည်း ငွေကြေးရင်းနှီးမှုမရှိခြင်း။ လက်မှုပညာ(လက်သမား၊ ပန်းရံ၊စက်ချုပ်၊ စက်ပြင်၊ ယဉ်မောင်း) တတ်မြောက်သူဦးရေနည်းပါးခြင်း။ အလုပ်ပေးနိုင်သော လုပ်ငန်းရှင်နည်းပါးခြင်း။	အလုပ်လုပ်ကိုင်နိုင်သောသူများ ရှိပါသည်။	ငွေကြေးနှင့် နည်းပညာအားနည်းခြင်း။	ရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း။	**အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း** ၁။ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရန်၊ (ကားဝပ်ရှော့၊ စက်ပြင်၊ ဇာထိုးပန်းထိုး၊ စက်ချုပ်) ၂။တပိုင်တနိုင်လုပ်ငန်းလုပ်ချင်သူများအတွက်အတိုးနှုန်းသက်သာသောငွေစုငွေချေးအဖွဲ့များဖြင့်ချိတ်ဆက်ခြင်း။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(မင်းရွာ)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇	၁၄	၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၈	၁၁	၁၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၅	၈	၂၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၆	၁၃၁	၂၃၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂	၁၁	၁၃
စုစုပေါင်း		**၁၄၂**	**၁၇၆**	**၃၁၈**
စုစုပေါင်း အိမ်ထောင်စု		**၇၇**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ကံဗြူကျေးရွာအုပ်စု၊ မင်းရွာကျေးရွာသည် အိမ်ထောင်စု(၇၇)စုရှိသော ကျေးရွာလေးဖြစ်ပါသည်။ လယ်သားအရွယ်နှင့် ကျောင်းနေအရွယ်ကလေးငယ်ရှိသော ကျေးရွာလေးဖြစ်ပါသည်။ ငယ်ရွယ်၍ လုပ်ငန်းခွင်လုပ်ကိုင်နိုင်သော လူလတ်ပိုင်းအရွယ်များပေါများ၍ သက်ကြီးရွယ်အိုနည်းပါးသည့် ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၄	၃၆	-	မြင့် ☒ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂	-	မြင့် ☐ လတ်☐ နိမ့် ☒
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၄	-	မြင့် ☐ လတ်☐ နိမ့် ☒
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၅	၁	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း	၁၉	၃၆	၁၂	မြင့် ☒ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် ☐ လတ်☐ နိမ့် ☒
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၅	မြင့် ☐ လတ်☒ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၃၁	၂၅	မြင့် ☒ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၄	၈	မြင့် ☐ လတ်☐ နိမ့် ☒
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ☒
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့် ☐ လတ်☐ နိမ့် ☒
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် ☐ လတ်☐ နိမ့် ☒
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☒
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂	-	၈	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၇၇	၁၂၀	၆၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"**ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။လယ်ယာလုပ်ကိုင်သူနည်းပါး၍ လက်မှုပညာနှင့် စျေးရောင်း၊ စျေးဝယ်ဖြင့် အသက်မွေးသော လူဦးရေများသည့် ကျေးရွာဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူနည်းပါး၍ ရာသီအလိုက် လုပ်ကိုင်သော ကျပန်းလုပ်သားများရှိသည့် ကျေးရွာလေး ဖြစ်ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	-	-	-	-
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၄၀၀၀	၃၀၀၀		
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၅၀၀	၄၅၀၀	၃၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်ပုတ်ပြတ်အနေဖြင့်အလုပ်ပြီးစီးမှုအလိုက် ကျပ်(၅၀၀၀)မှကျပ်(၁၀၀၀၀)အထိရရှိကြပါသည်။ ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သူနည်းပါး၍ အခြားလက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်၍ ၎င်းတို့၏ တစ်နေ့လုပ်အားခမှာ အမျိုးသားတစ်ဦးလျှင် (၄၅၀၀)မှ (၆၀၀၀)ကျပ်ခန့်ရှိပြီး အမျိုးသမီးတစ်ဦးလျှင် လုပ်အားခ (၃၅၀၀)မှ (၅၅၀၀)ခန့်သာ ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၈၈	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၃	ကောင်း ☐	သင့်☐	ညံ့ ☒
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၁၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးမြေ (၁၈၈)ဧကခန့်ရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ရှိပြီးယာလုပ်ကိုင်သူအလွန်နည်းပါး၍ မြေလွတ်မြေလပ်ရှားပါးသော ကျေးရွာလေးဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သဘာဝသယံဇာတအရင်းအမြစ်များ ရှားပါး၍ ဆေးဘက်ဝင်အပင်များ အသင့်အတင့် ရှိသော ကျေးရွာလေးဖြစ်ပါသည်။ ယုန်များကို တွေ့ရလေ့ရှိသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧက-၃၅ဧက	၅ဧက-၁၀ဧက	၅ဧကအောက်	-
အိမ်အခြေအနေ	၂ထပ်တိုက်/RC	၂ ထပ်အိမ်	သွပ်မိုးထရံကာ	မြေစိုက်ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	နွားလှည်း/ကား/ လက်တွန်းထွန်စက်	သုံးဘီး/လှည်း	နွားလှည်း	-
အဓိကစီးပွားရေး လုပ်ငန်း	စျေးရောင်း/လယ်/ ခေါက်ဆွဲစက်/ ဝန်ထမ်း	လယ်/စျေးရောင်း/ ပန်းပွတ်/ကုန်စုံဆိုင်	လယ်/ဝန်ထမ်း/ စျေးရောင်း	ကျပန်း/ပန်းရံ
အိမ်ထောင်စု	၈	၉	၃၄	၂၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်မှုအပိုင်းတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုနည်းပါးပြီး မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုတို့မှာ ကျေးရွာ၏ ၃ပုံ ၂ပုံရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(၈-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သက်ကြီးရွယ်အိုကြီးရင့်သူနှင့် အမျိုးသမီးဦးဆောင်သော အိမ်များသည် မိသားစုဝင်လုပ်အားကောင်း၍ သင့်တင့်လျောက်ပတ်စွာ ရပ်တည်နေထိုင်နိုင်သော ကျေးရွာဖြစ်ပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ဝမ်းစာဖူလုံမှုတွင် သင့်တင့်လျောက်ပတ်ရုံမျှရှိပြီး သဘာဝအရင်းအမြစ်နည်းပါးခြင်းကြောင့် စိုက်ပျိုးမြေလုပ်ကိုင်သူမှာလည်း အနည်းငယ်ခန့်သာရှိပါသည်။ သင့်တင့်သော ရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်းများ မရှိသလောက် ရှားပါးပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါနှင့် သွေလွန်တုပ်ကွေးရောဂါများ အနည်းငယ်မျှ ခံစားရလေ့ရှိပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများလည်း အသင့်အတင့် ရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လူငယ်များ စိတ်ပိုင်းဆိုင်ရာနှင့် အခြားသော ထိခိုက်မှုပိုင်းတွင် အမြင့်ဆုံး ထိခိုက်နိုင်သူများအဖြစ် ရပ်တည်နေပါသည်။ ဆင်းရဲသောတောင်သူ အနည်းငယ်ရှိပြီး လက်လုပ်လက်စား နှင့် ကျပန်းအလုပ် လုပ်ကိုင်သူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများ ပေါများ၍ ရွှေ့ပြောင်းလုပ်သား အသင့်အတင့်ရှိသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ အဖွဲ့	၁☐ ၂☒ ၃☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း ☐ သင့် ☒ ညံ့ ☐
၂	ရေကော်မတီ အဖွဲ့	၁☐ ၂☒ ၃☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၃	လျှပ်စစ်မီး ကော်မတီ အဖွဲ့	၁☐ ၂☒ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၄	အမျိုးသား အဖွဲ့	၁☐ ၂☒ ၃☐	၂၀	-	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒	ကောင်း ☐ သင့် ☒

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ညံ့ ☐
၅	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐	-	၁၅	၁၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၅	-	၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	မီးသတ်အဖွဲ့	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၏ လုပ်ကိုင်မှုပိုင်းတွင် ရပ်မိရပ်ဖ၊ ဂေါပက၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့တို့သည် ဘာသာရေး၊ သားရေးနာရေးပိုင်းနှင့် လူမှုဖွံ့ဖြိုးရေးပိုင်းတွင် ပိုင်းဝန်းဖွဲ့စည်း၍ တက်ညီလက်ညီလုပ်ကိုင်ကြ၍ ကောင်းမွန်သည့် ပေါင်းဖွဲ့မှုအား တစ်ခုဖြစ်ပြီး ရေကော်မတီ၊ လျှပ်စစ်မီးကော်မတီ၊ မီးသတ်အဖွဲ့အစည်းတို့ကလည်း ကျေးရွာတွင်း လူမှုဖွံ့ဖြိုးရေးတို့တွင် သင့်တင့်သော ပေါင်းဖွဲ့မှုများ ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြတ်ကျွန်းသာ	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာ၏ ပြင်ပအဖွဲ့အစည်းများဝင်ရောက်မှုအပိုင်းတွင် ပုဂ္ဂလိကပိုင် ချေးငွေလုပ်ငန်းဖြစ်သော မြတ်ကျွန်းသာချေးငွေလုပ်ငန်းဝင်ရောက်မှုသာရှိပြီး ကျေးရွာငယ်ဖြစ်သည့်အတွက် ပြင်ပအဖွဲ့အစည်းများ ဝင်ရောက်မှုအပိုင်းတွင် လွန်စွာအားနည်းပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာတွင် လယ်ယာစိုက်ပျိုးမြေဧကသည် တစ်ဦးတည်းပိုင်ဧကပိုင်ဆိုင်မှုများပြား၍ မြေယာမဲ့ဦးရေ ပိုမိုများပြားခြင်း၊ လက်လုပ်လက်စား၊ မြေယာမဲ့ ကျပန်းများနှင့် အခြားသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်သူများပြားသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။ မြေယာပိုင်ဆိုင်သောအိမ်ထောင်စုနှင့် တောင်သူလုပ်ကိုင်သည့်အိမ်ထောင်စု မတူရခြင်းမှာ ကိုယ်ပိုင်မလုပ်ကိုင်ကြဘဲ အခြားတောင်သူများကို အငှားချထားခြင်းကြောင့် ဖြစ်သည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□	ရှိ□ မရှိ□ မဖြေဆိုပါ □

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□	
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	၁၈၈	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ☒ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာ၏ သောက်သုံးရေနှင့် လယ်ယာစိုက်ပျိုးရေးအတွက် ရေရရှိမှုအပိုင်းတွင် မိုးရာသီတွင် စိုက်ပျိုးမြေများအား ချောင်းရေကိုသာ အမှီပြုရပါသည်။ စိုက်ပျိုးမြေအတွက် ရေပေးဝေပြီး မိုးရာသီတွင် လုံလောက်သောအခြေအနေတစ်ခု ဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကွက်	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ဆန်စပါး	၁၈၈	တင်း	၄၀	၇၀	၃၀	ဝါခေါင်	တပို့တွဲ	မြင့်□ လတ်☒ နိမ့်□	မြင့်□ လတ်□ နိမ့်☒
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရာသီတွင်သာ မှီတင်းနေပြီး ကျန်ရာသီများတွင် ရေရရှိမှုမရှိခြင်းကြောင့် အခြားသော သီးနှံစိုက်ပျိုးရေးလုပ်ကိုင်ရန် ရေရရှိမှုပြည့်စုံရန် မရှိပေ။ မိုးရာသီတွင် လယ်ယာစိုက်ပျိုးသီးနှံများအနေဖြင့် ဆန်စပါးကိုသာ အဓိကစိုက်ပျိုးပြီး တစ်ကေအထွက်နှုန်းကို တင်းဖြင့်သာ သတ်မှတ်ပြီး အနည်းဆုံးတစ်ကေထွက်နှုန်းမှာ (၄၀)တင်းမှ အများဆုံး(၇၀)တင်းခန့်သာ ရှိ၍ သီးနှံ၏သက်တမ်းမှာ ၆လသာ ကြာမြင့်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				၁၀
လက်တွန်းထွန်စက်	၄			၁၅
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၃			၁၇
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာ၏ လယ်ယာစက်ပစ္စည်းကိရိယာများပိုင်ဆိုင်မှုတွင် နည်းပါး၍ ငှားရမ်းအသုံးပြုကြရပြီး အနည်းငယ်ခန့်သာ ပိုင်ဆိုင်မှုရှိကြသည်။ လယ်ယာပိုင်ဆိုင်မှုဦးရေနည်းပါးခြင်း၊ ရေရရှိမှုနည်းပါးခြင်းတို့ကြောင့် လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုသည်လည်း နည်းပါးခြင်းဖြစ်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☒**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☒**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☒**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☒**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☒ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☒ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☒**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☒**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☒** **သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာသည် မြို့ပြနှင့်မဝေးသော အရပ်တွင် တည်ရှိနေခြင်းကြောင့် စိုက်ပျိုးသီးနှံအတွက် မျိုးစေ့ရရှိမှုအပိုင်းတွင် လွယ်ကူပြီး အခြားသော သဘာဝအော်ဂဲနစ်၊ ဓာတုမြေဩဇာ၊ ပိုးသတ်ဆေး အလွယ်တကူရရှိနိုင်ပြီး ချေးငွေဝန်ဆောင်မှုအပိုင်းတွင် အစိုးရစိုက်ပျိုးရေးဘဏ်မှ ထုတ်ယူသုံးစွဲရပြီး အခြားသော ချေးငွေဝန်ဆောင်မှုပိုင်းတွင် လယ်ယာစိုက်ပျိုးရေးဦးရေနည်းပါးခြင်းကြောင့် ဝန်ဆောင်မှု လာရောင်လုပ်ကိုင်သူ မရှိပါ။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☒ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☒** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☒**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☒ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐** **မဖြေဆိုပါ ☒**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☒ အနည်းငယ် ☐** **မဖြေဆိုပါ ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။မင်းရွာကျေးရွာ၏ သဘာဝရေမြေရာသီဥတုအပိုင်းတွင် သင့်တင့်ယုံမျှသာရှိပြီး မိုးရာသီမဟုတ်သော ကျန်ရာသီများတွင် ရေရရှိမှုမရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာသင်တန်းပေးသူ နည်းပါးခြင်းတို့ကြောင့် မိုးရာသီသီးနှံများအား ဖျက်ပိုးကျရောက်မှုပိုင်းတွင် ကောင်းစွာ ကာကွယ်နိုင်ခြင်း မရှိဘဲဥ သီးနှံအထွက်နှုန်း နည်းပါးရပါသည်။ မိုးရာသီစိုက်ပျိုးသီးနှံလုပ်ကိုင်ရာတွင် ကျပန်းလုပ်သားများကိုသာ အာထားကြရလေ့ရှိပါသည်။ မြို့နှင့် အလှမ်းမဝေးမှုကြောင့် သီးနှံထွက်ကုန်များကို လွယ်ကူစွာ ရောင်းချနိုင်လေ့ရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

